# ရှင်ဓဝဝယ်

ချစ်ခဲ့ရတာသိပြီလား

# အခန်း - ၁

"မေတ္တာရိပ်မွန်"

ခြံကြီးထဲမှာ သီးခြားဆန်စွာ ကိုယ့်အလုပ် ကိုယ့်အာရုံကလွဲပြီးပြီး ဘာမှ စိတ်မဝင်စားသည့် သူဌေး ဦးဘုန်းသင့်မင်းတစ်ယောက် စိတ်တွေ ဂနာမငြိမ် ရှုပ်ထွေးနေခဲ့ရလေသည် ။

စိတ်ရှုပ်ထွေးခဲ့သလို ရယ်လည်း ရယ်ချင်သည် ။

ဘယ်လောက်အထိ ရယ်စရကောင်းလိုက်သလဲဗျာ။

ယောကျ်ားလေးရှင်တစ်ယောက်ကို မိန်းမလေးရှင်တစ်ယောက်က မရှက်မကြောက် လာပြီး စပ်ဟပ်ရတယ်လို့ ... ကြားမကြားဖူးပါဘူး။ အဟွန်း... ဟွန်း...။

ဘုန်းသင့်မင်းတို့ ကလည်း အခုအရွယ်အထိ ဘယ်မိန်းမကိုမှ ဆန်းဆန်းပြားပြား စိတ်မဝင်စားခဲ့တာမို့ အားလုံးကို ချိုချိုသာသာကလေး ငြင်းပစ်ခဲ့တာပါပဲ။

အဲသလိုမျိုး။

မိန်းမကိစ္စနဲ့ အကင်းရှင်းဆုံးအပြတ်သားဆုံး နေလာခဲ့တဲ့ ... ဘုန်းသင့်မင်းဘဝထဲသို့ သူ့ရဲ့ အဘွားက ဘာမဟုတ်တဲ့ မြေးနှစ်ဝမ်းကွဲ ဆင်းရဲသူမလေးကို မွေးစားချင်တယ်လို့ ပြောလာခဲ့တာ သူ အံ့ဩသွားခဲ့ရသ

ည် ။

"မြေး.. ဘုန်းသင့်.. မြေးကို ဘွားပြောစရာစကား ရှိတယ်၊ ဘွားမြေးကို ဒီအကြောင်းတွေကို အခုမှ ဖွင့်ပြောတာ၊ ဘွားရင်ထဲမှာ အရမ်းမကောင်းလွန်းလို့ ပါ မြေးရယ်"

"ဟင်.. ဘာများ လဲ ဘွာရယ်"

"အင်း.. ပြောရမယ်ဆိုရင် ဘွားတို့ မှာ အရင်းအချာလို ရင်းနှီးတဲ့ ညီအစ်မဝမ်းကွဲမွေးတဲ့ သမီးရှိတယ်.. အဲ.. သူက ဘွားတို့ သဘောမတူတဲ့ သူနဲ့ ယူပြီး ဆင်းရဲခဲ့တယ်၊ ဘွားတို့ က စိတ်ဆိုးပြီး တူမကို ပစ်ထားတော့ သူက ဆင်းရဲတာပေ့ါ.. အခု တူမက သေသွားပြီဆိုတော့ သူ့သမီးလေး ကျန်ခဲ့တယ်တဲ့ မြေးရဲ့ .. အဲဒါ ဘွားက အဲဒီမြေးမလေးကို သနားလို့ .. ဘွားတို့ ..."

မြတ်စွာဘုရား...။

ဘုန်းသင့်မင်း မျက်လုံးကြီးပြူးကျယ်ဝိုင်းစက်သွားကာ ဘွားကို အလန့်တကြား ကြည့်လိုက်မိသည် ။

"ဟင်... ဘွား ဘာဖြစ်တယ်"

အမယ်လေး...

ဇာတ်လမ်းတွေထဲကလိုများ ဘွားဟာ သူ့ရဲ့ မြေးနှစ်ဝမ်းကွဲမလေးနဲ့ သူ့ကိုများ ပေးစားချင်ပါတယ်လို့ တောင်းဆိုလာရင်ဖြင့် အတွေးကြီးနဲ့ တင် သူ ရူးသွားချင်ပါတယ်။

"ဩော်... အဲဒီမိန်းကလေးကို ဘွားတို့ မွေးစားရင် မကောင်းဘူးလား မြေးရယ်.. သူ့မှာ လည်း မိမရှိ ဖမရှိနဲ့ ဆင်းရဲလွန်းပါတယ်၊ ရုပ်ရည်ကလေးနဲ့ မမျှအောင် ဘဝပေး မကောင်းပါဘူးကွယ်"

ဘုန်းသင့်မင်း စိတ်အပျက်ကြီး ပျက်သွားရပြီ၊ ဘယ်နဲ့ ဘယ်က ဘယ်လို ပေါက်ဖွားလာတဲ့ မျိုးရိုးကို အိမ်ပေါ်ခေါ်တင်ပြီး မွေးစားမယ်ဆိုတော့ ဘယ်လိုမှ မဖြစ်နိုင်ပါ။

သူ ကန့်ကွက်ရပါမည်။

"ဘွားရယ်.. ရှုပ်ရှုပ်ယှက်ယှက်ဗျာ.. သူ့မှာ သူ့အဖေဘက်က အမျိုးတွေရှိမှာ ပေါ့၊ မဖြစ်နိုင်ပါဘူးဘွားရယ်၊ မွေးစားတယ်ဆိုတာကြီးက ကျွန်တော်တို့ အသိုင်းအဝိုင်းထဲကို ဆွဲသွင်းလိုက်တာပဲ၊ သူတို့ ဆင်းရဲသားစရိုက်တွေကို ကျွန်တော် လက်မခံချင်ဘူး.. မကြိုက်ဘူး"

"မြေးရယ်.. သူ့ခမျာ အမေသေသွားတော့ ဘာမှ မှီခိုစရာ မရှိတော့ဘူး။ သူ့အဖေက သူငယ်ငယ်ကတည်းက ဆုံးသွားတာ၊ ညီအစ်ကို မောင်နှမလဲ ရှိတာမဟုတ်ပါဘူးမြေးရယ်.. ပြီးတော့ ဘွားတူမက သူမသေခင် မြေးလေးကို အသေအချာအပ်ခဲ့တော့ ဘွားမှာ တာဝန်ရှိတယ်"

"ခက်တာပဲ ဘွားရယ်.. ကျွန်တော်က ဘယ်မိန်းကလေးကိုမှ အိမ်ဖော်တောင် ထားတာ မဟုတ်ဘူး "

"ဆွေမကင်းမျိုးမကင်း ကူညီစောင့်ရှောက်ကောင်းပါတယ်၊ အိမ်မှာလည်း ခိုင်းချင်တာ ခိုင်းလို့ ရတာပေါ့ သားရယ်.. လူတစ်ယောက် ဒုက္ခရောက်နေချိန်မှာ ကူညီကောင်းပါတယ်ကွယ်.. သူ့ခမျာ ငယ်ငယ်ရွယ်ရွယ် နုနုချောချောလေး သားမြင်ရင် သား သူ့ကို ချစ်မှာ ပါ"

"မချစ်နိုင်ပါဘူးဗျာ"

သူ ဘွားကို ခပ်ဆောင့်ဆောင့်ပြောပြီး အသက်အောင့်ကာ မျက်နှာလွှဲလိုက်သည် ။

ဒီထက်ဆက်ငြင်းရလည်း သူစိတ်ဓာတ် သိမ်ဖျင်းရာ ကျဦးမည်။

ဟူး.. စိတ်ညစ်ပါတယ်။

ဘာဆိုင်လို့ ငါ့ဦးနှောက်ထဲ ဒီကောင်မလေး ရောက်လာတာလဲ။ ဒီကောင်မလေးက ငါတို့ အိမ်အတွက် ခိုင်းဖို့ ကူညီဖို့ ခေါ်လာမယ့်အလုပ်သမားလေ။ ငါ အလုပ်သမားလိုပဲ သတ်မှတ်မယ်၊ ဆက်ဆံရမယ်။

ဘုန်းသင့်မင်းစိတ်ထဲ အတွေးတို့ နှင့် ခပ်အင့်အင့် ဖြစ်နေတုန်းမှာ ပဲ ဘွားက…

"မြေး… ဘွားပြောတာကို သဘောတူလားဟင်.. ဘွားက အိမ်မှာ ဘွားကိုလည်း ခြေဆုပ်လက်နှယ်ပြုစုရအောင် ကူညီလို့ ရအောင် ခေါ်လိုက်တဲ့ သဘောပါ.. ဘွားတို့ မြေးတို့ အတွက် ထမင်းဟင်းကောင်းကောင်း သူ ချက်ကျွေးနိုင်ပါတယ်.. အိမ်မှာ အကူမိန်းကလေးမရှိတော့ စားရသောက်ရတာကအစ အဆင်မပြေဘူးကွယ့်.. မြေး သဘောတူရဲ့ လားဟင်"

တွေဝေငေးမောသွားတဲ့ ဘုန်းသင့်မင်းကို ဘွားက အလေးအနက်ကြည့်ပြီး ပြောလိုက်တာဖြစ်သည် ။

ဘုန်းသင့်မင်း စိတ်ရှုပ်ထွေးစွာဖြင့် ခေါင်းညိတ်လိုက်ရပါတော့သည် ။

"သဘောတူပါတယ် ဘွားရယ်.. ဘွား စိတ်ချမ်းသာရင် ပြီးတာပါပဲ"

ဘွားမျက်နှာကြီး ကြည်လင်ပြုံးပျော်သွားတာကို ဘုန်းသင့်မင်း စိတ်ချမ်းသာစွာ တွေ့လိုက်ရသည် ။

အင်း… ဟုတ်တာပဲလေ၊ ဘွားလည်း သူ့မြေးဝမ်းကွဲမလေးကို မြင်တွေ့လိုက်ရတော့ သနားမှာ ပေါ့။

သူကတော့ ဘယ်သူ့ကိုမှ မသနားတတ်တဲ့ သူပီပီ ရင်ထဲမှာ မကျေန

ပ်နပ်တာလေးတွေကလွဲပြီး ဘာမှ ထွေထွေထူးထူး မခံစားမိ။

"ဒါဆို ဘွား သူ့အမေရက်လည်ဆွမ်းသွတ်သွားရင်းနဲ့ အဲဒီကောင်မလေးကို ခေါ်လာခဲ့မယ်၊ ဘွားဘွားနဲ့ သွားမှာ ပါ၊ ဒီနေ့ပဲ ချက်ချင်း ပြန်လာခဲ့မယ် မြေး"

ချက်ချင်းပင် ဘွားက သူသဘောတူလိုက်တာနှင့် ကောင်မလေးကို သွားခေါ်ခဲ့လေသည် ။

ဘွားမနက်ကတည်းက ထွက်သွားတာ ညနေတော်တော်စောင်းသွားခဲ့ပြီ။ အခုထိ မရောက်သေး။

ဘုန်းသင့်မင်း ရင်ထဲ ဘာ့ကြောင့်မှန်းမသိ။ ဘွားကို မျှော်နေမိသလို ဘွားနဲ့ အတူပါလာမယ့် တင့်ဖုန်းလင်းဆိုတဲ့ ကောင်မလေးကိုလည်း ထွေထွေထူးထူးကြီး တွေ့ချင်မြင်ချင်လာရသည် ။

အင်း.. ဘာဖြစ်လို့ ဒီခံစားချက်ကြီး သူ ခံစားရတာပါလိမ့်။

ဘာပဲဖြစ်ဖြစ် သူကတော့ ကောင်မလေးရောက်လာရင် အခိုင်းအစေတစ်ယောက်လိုပဲ ဆက်ဆံဖို့ စိတ်ထဲက စိတ်ကူးပြီး ရင်ထဲမှာ ကျေနပ်သွားတော့တော့သည် ။

******

# အခန်း - ၂

"တီ.. တီ.. တီ"

ဟော.. ကားဟွန်းသံ။

ဒါ ဘွားတို့ ပြန်လာတာပဲ ဖြစ်မည်။ အိမ်ရှေ့ဆီက ကားဟွန်းသံကြောင့် သူ အိမ်ရှေ့ဆီသို့ သွက်သွက်ကြီး ထွက်လာခဲ့သည် ။ ဘွားတို့ ကား ခြံထဲသို့ တလိမ့်လိမ့်ဝင်လာတာ တွေ့ရတော့မှ သက်မ မောချနိုင်သွားသည် ။

အင်း.. ဟိုကောင်မလေးရော ပါပဲ့မလား။

တစ်နေ့တစ်နေ့ ထမင်းစားရသောက်ရတာ အရည်မပါဘဲ အခြောက် ချည်းစားနေရတာ အူခြောက်လှပြီ။

အိမ်ဖော်မိန်းကလေးတစ်ယောက် ရပြီ ဆိုရင်တော့ စားရသောက်ရ တာ အဆင်ပြေပြီ။

ဘုန်းသင့်မင်း ကောင်မလေးပါလာဖို့ အရေးကို စိတ်စောနေတာ တို က်ပေါ်တီကိုမှာ ရပ်သွားတဲ့ ကားကြီးဆီ ခပ်သွက်သွက် လျှောက်သွားလို က်သည် ။

အဲဒီအချိန်မှာ ကားနောက်ခန်းတံခါးမှာ ဘွား ဖွင့်ဆင်းလာတာ တွေ့ လိုက်ရသလို နောက်တစ်ဖက် တံခါးမှ ဆံပင်ရှည်ရှည် အသားဖြူဖြူ

မိန်းမချောလေးတစ်ယောက် ဆင်းလာတာ တွေ့လိုက်သဖြင့် သူ့မျက်လုံးတွေ ပြူးကျယ်သွားအောင် အံ့သြသွားခဲ့သည် ။

တကယ့်ကို မယုံနိုင်စရာပါလား။

ဒီလောက်အထိ ဝင်းမွတ်အောင် နုချောမောတဲ့ ကောင်မလေးက ဘွားရဲ့ မြေးဝမ်းကွဲမလေးတဲ့ လား။

ဘုန်းသင့် ကောင်မလေးရဲ့ မျက်နှာနုနုချောချောလေးကို ရင်ခုန်စွာဖြင့် သတိလက်လွတ် ငေးကြည့်လိုက်မိသည် ။

အဲဒီအချိန်မှာ ပဲ...

"မြေး.. ဘုန်းသင့်"

ဘွားက သူ့လက်မောင်းကြီးကို လှုပ်ခေါ်လိုက်တော့မှ သူသတိလက်လွတ် ဖြစ်သွားတဲ့ ခံစားမှုကြီးကို အရှက်ရသွားကာ နှုတ်ခမ်းထူထူ လိပ်လိပ်ကြီးကို စူတင်းပစ်လိုက်ပြီး ကောင်မလေးဆီမှ အကြည့်လွှဲကာ ဘွားကို ကြည့်လိုက်သည် ။

ဘွားက သူ့ကို ပြုံးတုံ့တုံ့ကြီးကြည့်ပြီး ကောင်မလေးလက်ကလေးကို ဆွဲကာ ကောင်မလေးနှင့် မိတ်ဆက်ပေးလာခဲ့သည် ။

"မြေး.. ဒါ သားညီမလေး တင့်ဖုန်းလင်းလေ"

သူက ကောင်မလေးကို မကြည့်တော့ဘဲ ဘွားကို ခေါင်းညိတ်ပြလိုက်ပြီး ဘွားကို မကျေမနပ် အပြစ်တင်လိုက်သည် ။

"ဘွားကလဲဗျာ.. ဘာတွေလုပ်နေလို့ ဒီလောက်နောက်ကျရတာလဲ.. ခုနစ်နာရီတောင် ထိုးနေပြီ"

ဘွားပခုံးကိုဖက်ပြီး ပြောလိုက်သည် ။ သူ့ကို ကောင်မလေးက မရဲ

တရဲကြည့်ပြီး ချင်းချင်း ခေါင်းငုံ့သွားတာကို သူ အမြင်ကတ်ကတ်နှင့် စိုက်ကြည့်လိုက်မိသည် ။

ဟွန်း...။

ကောင်မလေးက သူ့ကို တော်တော် ကြောက်ရွံ့နေပုံရသည် ။

ဘွားက သူ့အကြောင်း ဘာတွေပြောထားလို့ လဲ...။

သူ ကောင်မလေးကိုကြည့်ပြီး မျက်မှောင်ကြီးကုတ်ထားတာကို ဘွားက သဘောတကျပြုံးရင်း..

"သမီး.. သမီးကိုကိုကြီးကို လက်ဆွဲခြင်း ပေး လိုက်လေ"

"ဟို.. ရ.. ရပါတယ် ဘွားဘွား"

ကောင်မလေးက လက်ဆွဲခြင်းလေးကိုင်ပြီး ဘွားနောက်က လိုက်လာခဲ့သည် ။

သူကလည်း ကောင်မလေးလက်ထဲက လက်ဆွဲခြင်းကို ယူဖို့ စိတ်ကူး မရှိခဲ့။

ဘွားနောက်ကနေ ကုပ်ချောင်းချောင်းလေး လိုက်လာတဲ့ ကောင်မလေးကို အရေးမစိုက်သလို မျက်လုံးနှင့် မထိတထိကြည့်ပြီး သူ့ဘွားလက်ကြီးကိုဆွဲကာ အိမ်ထဲကို တစ်လှမ်းချင်း လှမ်းဝင်လာခဲ့လိုက်သည် ။

အဲဒီလို လှမ်းဝင်လာသည့်အချိန်မှာ သူ့ရင်ထဲမှာ တော့ ကောင်မလေးရဲ့ မျက်လုံးဝိုင်းဝိုင်းကလေးတွေကို ဘယ်လိုကြီး ခံစားလိုက်ရမှန်းမသိတဲ့ ခံစားချက်ကြီးနှင့် ရင်ခုန်သံတွေ မြန်ဆန်သွားခဲ့တယ်ဆိုတာကို တော့ သူတစ်ယောက်ပဲ ခံစားသိရှိခဲ့ရသည် ။

ဤခံစားချက်ဟာ..

ဆန်းပြားတာကိုတော့ သူ သိရှိနားလည်လိုက်သည် ။

******